

ခင်အောင်အေး
လက်ရွေးစင်အမှားများ

mgyoe.com



ISBN9789997117991
POEM73
9 789997 117991
2,000.00KS

mgyoe.com

လက်ရွေးစင်အမှားများ။ ခင်အောင်အေး
မျက်နှာဖုံးပန်းချီ - မှတ်သုန်
စာမျက်နှာ ၁၂၅+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လက်ရွေးစင်အမှားများ
## ခင်အောင်အေး

ပထမအကြိမ်၊ ၂၀၁၄

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ


❋ ဇေယျာလင်းနဲ့ ဒီးနိုယန်းဂ်သို့ . . . . . . . . . . က

❋ လက်ရွေးစင်အမှားများ . . . . . . . . . . ၁

၁။ အလံတိုင် . . . . . . . . . . ၂

၂။ လူ့ရှင်တော် . . . . . . . . . . ၃

၃။ ရန့်ရူးရူး . . . . . . . . . . ၄

၄။ ကမ်းခြေ အတွေ့အကြုံ . . . . . . . . . . ၅

၅။ အတိတ်သမိုင်းဆိုင်ရာ ဝါကျအချို့ . . . . . . . . . . ၆

၆။ နက်ပြာရောင်လည်စည်းအတို . . . . . . . . . . ၇

၇။ ဆိုင်းဘုတ်ဒ်များ . . . . . . . . . . ၈

၈။ ပျော်စရာ ကုတ်ခြစ်ရာများ . . . . . . . . . . ၉

၉။ မှောက်ထားသော ဖဲချပ် . . . . . . . . . . ၁၀

၁၀။ ဝရန်တာကနေ ခုန်ချလိုက်တယ် . . . . . . . . . . ၁၁

၁၁။ မှောင်နေသော သော့ . . . . . . . . . . ၁၂

၁၂။ မိမ္ဘာ . . . . . . . . . . ၁၃

၁၃။ ရှိုးရှိုးတန်းတန်း ဒိန်ခဲ . . . . . . . . . . ၁၅

၁၄။ ရှေးခေတ်တုန်းက ကြက်ဥဖောက်စက် . . . . . . . . . . ၁၇

၁၅။ ကိုယ်ဟာ ပင်လယ်ဆီကို ဆားအတွက်နဲ့ မသွားခဲ့ဖူး . . . . . ၁၉

၁၆။ ဝေါ်မွတ်တမ်းချင်း . . . . . . . . . . ၂၂


mgyoe.com

mgyoe.com


※ ရှောသ်ကိုရဲ့အဝါရောင် . . . . . . . . . . ၂၃
၁။ နေရီရီ . . . . . . . . . . ၂၄
၂။ ငါ့မှာ သစ်တောက်ငှက်ရှိတယ် . . . . . . . . . . ၂၅
၃။ ဆောင်းအမိ . . . . . . . . . . ၂၆
၄။ လိမ္မော်သီး ၃ လုံး . . . . . . . . . . ၂၇
၅။ မြသစ္စာ မိုဘိုင်းလ် . . . . . . . . . . ၂၈
၆။ အသေးစိတ် နာကျင်မှု ၂၈၅ မိုင် . . . . . . . . . . ၂၉
၇။ ကဗျာ . . . . . . . . . . ၃၀
၈။ ပန်းတွေနဲ့အတူ . . . . . . . . . . ၃၁
၉။ ချစ်ခြင်းအသစ် . . . . . . . . . . ၃၂
၁၀။ ကော်ဖီတစ်ခွက်ရဲ့ပုံတူ . . . . . . . . . . ၃၃
၁၁။ ပင်လယ်ကြီးက မကျယ်လား . . . . . . . . . . ၃၄
၁၂။ ကန်းထရီးသီချင်း . . . . . . . . . . ၃၅
၁၃။ နှုတ်ပိတ်ခြင်း . . . . . . . . . . ၃၆
၁၄။ နောက်ဖေးလမ်းကြားရဲ့ဟိုဘက် . . . . . . . . . . ၃၇
၁၅။ ကိုယ်ပိုင်ကမ္ဘာ . . . . . . . . . . ၃၈
၁၆။ မစဉ်းစားမိခဲ့သော ပြတင်းပေါက် . . . . . . . . . . ၃၉
၁၇။ ကောက်ပင်ရိတ်လှိုင်းညှ . . . . . . . . . . ၄၀
၁၈။ ညခရီးသွားနဲ့ မြို့များ . . . . . . . . . . ၄၁
၁၉။ မှောင်ထဲက သီချင်း . . . . . . . . . . ၄၂
၂၀။ ဖယ်ရီတေးလ်(စ်) . . . . . . . . . . ၄၃
၂၁။ ကမ္ဘာစွန်နဲ့ သင်္ဘော . . . . . . . . . . ၄၄
၂၂။ ဒဏ္ဍာရီ . . . . . . . . . . ၄၅

※ ရှာနိဝင်စားမှု ၁၀ ခု . . . . . . . . . . ၄၇
၁။ နာကျင်မှုနဲ့ ရက်လုပ်ထားတဲ့ အင်္ကျီ . . . . . . . . . . ၄၈
၂။ ထောပတ်နဲ့ သိုးသား . . . . . . . . . . ၄၉


mgyoe.com

mgyoe.com

၃။ လျှပ်စစ်နွံအိုင် . . . . . . . . . . ၅၀
၄။ အ,နေတဲ့ ဟွန်းတယော . . . . . . . . . . ၅၁
၅။ သူ့ခန္ဓာကိုယ်ထဲ ကျည်ဆန်ဟာ က, ခုန်သွားတယ် . . . . . . ၅၂
၆။ အနုပညာကို ဖျက်ဆီးပစ်တာမှန်သမျှ လူတွေအတွက် ပျော်ရွှင်စရာ . . ၅၃
၇။ ညနေတွေဟာ အင်မတန် ပြောရဆိုရ ဆုံးမရ ခက်တယ်ဗျာ . . . . ၅၄
၈။ မှောင်နေသော တစ်ခုခု၏ ဖိစီးမှုနှောင်ကြိုး . . . . . . . . . . ၅၅
၉။ အဆုံးစွန်၏ နယ်နိမိတ် . . . . . . . . . . ၅၆
၁၀။ သေတမ်းစာ . . . . . . . . . . ၅၇

⁂ ချစ်လှစွာသော ဒိဋ္ဌိ . . . . . . . . . . ၅၉
၁။ ပေါ့ထရိတ် . . . . . . . . . . ၆၀
၂။ သတ္တဝါ . . . . . . . . . . ၆၁
၃။ မီးရှူးမီးပန်းများ . . . . . . . . . . ၆၂
၄။ အနုပညာအကြေးခွံ . . . . . . . . . . ၆၃
၅။ သေနေသော လူ . . . . . . . . . . ၆၄
၆။ တွေးတောစိတ်နှင့် ရုပ်ဝတ္ထု . . . . . . . . . . ၆၅
၇။ ရေကူးဝတ်စုံ . . . . . . . . . . ၆၆
၈။ ဖုံးကွယ်ထားတဲ့ စိတ်ရဲ့အောက်ဖဲ . . . . . . . . . . ၆၇
၉။ ဒိုင်နိုဆော . . . . . . . . . . ၆၉
၁၀။ ကမ္ဘာမြေကို သင်ယူခြင်း . . . . . . . . . . ၇၁
၁၁။ ကိန်းဝပ်ခြင်းသင်္ကေတ . . . . . . . . . . ၇၃
၁၂။ ကဗျာ . . . . . . . . . . ၇၄
၁၃။ မြစ်ရဲ့ပြဇာတ် . . . . . . . . . . ၇၅
၁၄။ တစ်ဝက်တစ်ပျက် အကြေးခွံ . . . . . . . . . . ၇၆
၁၅။ အရုပ်ဆိုးသော ဘဲကလေး . . . . . . . . . . ၇၇
၁၆။ ဘန်ကောက်ရုပ်ဒေါင်းနဲ့ ပွတ်ကာသီကာ . . . . . . . . . . ၇၉

mgyoe.com

mgyoe.com


❋ ဖုံးကွယ်ထားတဲ့ ဆူညံသံနဲ့ . . . . . . . . . . ၈၁

၁။ ဆောင်းဦးပေါက်တေးသွား . . . . . . . . . . ၈၂

၂။ ချည်သားထည်စစ်စစ် ကဗျာ . . . . . . . . . . ၈၃

၃။ စုတ်ချက်များ . . . . . . . . . . ၈၄

၄။ အင်ဖော်မယ်လ်ပြဇာတ် . . . . . . . . . . ၈၅

၅။ နှစ်သစ်ကူး . . . . . . . . . . ၈၆

၆။ ပုံက ငှက်တစ်ကောင်ပျံသန်းနေသည့်နှယ် ပုံ . . . . . . . . . . ၈၇

၇။ သမ္မတမှာ ကားလဲပြီတဲ့ . . . . . . . . . . ၈၉

၈။ ရေဒီယို . . . . . . . . . . ၉၀

၉။ ဆူရှီ . . . . . . . . . . ၉၁

၁၀။ စာသားများ . . . . . . . . . . ၉၂

၁၁။ ကဗျာဆရာ . . . . . . . . . . ၉၃

၁၂။ ဆိုက်ပရပ်စ်ပင်ရဲ့အသက်ဓာတ် . . . . . . . . . . ၉၅

၁၃။ တောက်ပစွာ လောင်ကျွမ်းသည် . . . . . . . . . . ၉၆

၁၄။ ထွက်မြောက်ရာကျမ်း . . . . . . . . . . ၉၇

၁၅။ ကြောင်ကလေးရဲ့ ရေပြင်ကျယ် . . . . . . . . . . ၉၉

၁၆။ ငါဟာ သောကြာနေ့တည့်တည့်ကြီးမှာ . . . . . . . . . . ၁၀၀

၁၇။ ညြသံလို . . . . . . . . . . ၁၀၁

❋ တိမ်တိုက်တွေထဲ ထုတ်လွှတ်ခံရခြင်း . . . . . . . . . . ၁၀၃

၁။ ခရမ်းရင့်ရင့်အရောင် ကတ္တီပါကားလိပ် . . . . . . . . . . ၁၀၄

၂။ အမော . . . . . . . . . . ၁၀၅

၃။ ရင်ဆိုင်ရဲရဲ . . . . . . . . . . ၁၀၆

၄။ ထာဝရလက်ဆောင် . . . . . . . . . . ၁၀၇

၅။ ဝမ်းတွင်းရူး . . . . . . . . . . ၁၀၈

၆။ သူစိမ်း . . . . . . . . . . ၁၀၉

၇။ ရေကပြင် . . . . . . . . . . ၁၁၀


mgyoe.com

mgyoe.com

၈။ ကီယိုကို . . . . . . . . . . ၁၁၁
၉။ ရထားကြီးမှျင် . . . . . . . . . . ၁၁၂
၁၀။ စက္ကူဖိဖန်တုံး . . . . . . . . . . ၁၁၃
၁၁။ စီမိုင်နာနဲ့ စ,ရမယ့်သီချင်း . . . . . . . . . . ၁၁၄
၁၂။ လန်ဒန်သို့ အနမ်းပျံ . . . . . . . . . . ၁၁၅
၁၃။ ငါသေပြီးနောက် လီလီပန်းများ . . . . . . . . . . ၁၁၆
၁၄။ ပန်းဆိုးတန်း . . . . . . . . . . ၁၁၇
၁၅။ သို့/မောင်ဒေး . . . . . . . . . . ၁၁၈
၁၆။ ပျံသန်းခြင်းဆိုင်ရာ ဥပဒေသ . . . . . . . . . . ၁၁၉
၁၇။ ချိုးဖွဲ့ထားတဲ့ တိမ်တိုက်များ . . . . . . . . . . ၁၂၀
၁၈။ ကလဲဗစ် မင်းသမီး . . . . . . . . . . ၁၂၁

❋ ကဗျာရေးသူထံမှ မှတ်စု . . . . . . . . . . ၁၂၃

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## ဂေဃျာလင်းနဲ့ ဒီးနံယန်းဂ်သို့

mgyoe.com

mgyoe.com



"June လလယ်ပိုင်းလည်း ရောက်ရော ဒီးန်ယန်းဂ်က
ကျွန်တော့်ကို ဘယ်လိုဝင်စီးမှန်း မသိတော့ပါဘူး။
တစ်နေကုန် တစ်နေခန်း၊ ညအိပ်ရာဝင်၊
မနက်အိပ်ရာနိုးမှာ ဒီးန်ယန်းဂ်။
စာသင်နေတုန်းလည်း ဒီးန်ယန်းဂ်။
တစ်တန်းနဲ့ တစ်တန်းကြား အားချိန်မှာ
ဒီးန်ယန်းဂ်နဲ့ တိတ်တိတ်ပုန်းလို"

ဖေယျာလင်း
(ဒီးန်ယန်းဂ် ဘာသာပြန်စာအုပ်အမှာမှ)

mgyoe.com

mgyoe.com



ရေးနေတဲ့အချိန်မှာပဲ ရေးလက်စကဗျာတစ်ပုဒ်က ဘာလုပ်နေတယ်၊
ဘာလုပ်ချင်တယ်ဆိုတာနဲ့ပတ်သက်ပြီး
ဆုံးဖြတ်တာတွေ လုပ်ရတာပေ့ါ။
အဆင်ပြေရင်လည်း အဲဒီကဗျာပုဒ်ရဲ့ ပြုလုပ်ရေးသားနေစဉ်
အတောအတွင်းမှာ ပုံသဏ္ဍာန်တစ်ခုခု ဖြစ်ပေါ်ပြီး
အဲဒီမှာပဲ ပြီးဆုံးသွားတာပေ့ါ။ အခုထိလည်း
ကိုယ်ဟာ ရှာဖွေနေတုန်း၊ ဟိုလုပ်ကြည့် ဒီလုပ်ကြည့်
လုပ်နေတုန်းပါပဲ။

ဒီးန်ယန်းဂ်
(ဇေယျာလင်းဘာသာပြန် ဒီးန်ယန်းဂ်မှ)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လက်ရွေးစင်အမှားများ

mgyoe.com

mgyoe.com


# အလံတိုင်

အချိုအချောင်လေးတွေ ရဖို့ပဲ ကြိုးစားတဲ့ ဝီရိယက
အချိုအချောင်လေးတွေနဲ့ပဲ နှစ်ပါးသွားစေခဲ့တယ်။

ငါတို့အချိုအချောင်လေးတွေနဲ့ အကြည်ဆိုက်ခဲ့ရဲ့
ငါတို့အချိုအချောင်လေးတွေနဲ့ အလုပ်ဖြစ်ခဲ့ရဲ့

ကြာတော့လည်း ငါတို့ကိုယ်တိုင်က အချိုနဲ့ အချောင်
အတန်းအစားကနေ ထပ်ပြီး မတက်တော့ဘူး။ ။

mgyoe.com

mgyoe.com



## လှူရှင်တော်

ခင်ဗျားတို့အားလုံး
ပျော်စေ၊ ရွှင်စေဖို့ပါ

ကျွန်တော့်မျက်နှာကိုလည်း
ပျော်ရွှင်ခြင်းမျက်နှာဖုံးတစ်ခုနဲ့
လုံခြုံအောင် ဖိအုပ်ထားပါ့မယ်

ပျော်စေ၊ ပြက်စေ၊ ကလက်စေ
ဆိုသလို ပေါ့လေ။ ။

mgyoe.com

mgyoe.com

# ဂျနိ့ရှူးရှူး

ငါ့ရဲတင်းမှုကို
ညထဲ ချခွဲလိုက်တယ်

ရိုတ်သိမ်းပြီး မိုးတိမ်တစ်ခုရဲ့
နူးညံ့အမှားများ

ပူဇော်ပ,သ ပြီးနောက်
ငှင်းကောင်းကင်၏ တုန်ခိုက်မှု

ရင်ထဲမှာ အေးခနဲ . . .
အချစ်ပေါ်မှာ လိမ်းကျံထားတဲ့

အန္တရာယ်ရဲ့
အနံ့ရှူးရှူး။ ။

mgyoe.com

mgyoe.com



## ကမ်းခြေ အတွေ့အကြုံ

တစ်ဟုန်ထိုး ပြုတ်ကျနေခြင်းများနဲ့
နက်နက်တူးနေမိခြင်းများတို့ရဲ့ ထိခတ်မှု

ကမ်းစပ်မှာ အနားသတ်တဲ့ ရေလှိုင်းတချို့နဲ့
သဲသောင်မှာ တစ်ခုခုရှာဖွေနေမိမြဲ လူသားတို့အဖြစ်သနစ်

မိုးကုပ်စက်ဝိုင်းမှာ ကောင်းကင်ဆိုတာကလည်း ပြာလဲ့လဲ့
ပင်လယ်ဆိုတာကလည်း ပြာအမ်းအမ်း ငါတို့အဖြစ်ကလည်း ရှုးနှမ်းနှမ်း

အသားကင်တစ်ဖဲ့ကို လက်ထဲမှာ ဆုပ်ကိုင်ကာ
တစ်စုံတစ်ရာ အောင်ပွဲခံနေဟန် (တကယ်တမ်းက ကျရှုံးနေမှု)

နေလုံးကြီး နီစွေး လိမ့်ကွေး နိမ့်ကျ မြုပ်ဝင်သွားကာမှ
စနစ်တကျ ဖွဲ့တည် ယက်ဖောက် ဆွဲငင်ထားတဲ့
တိုးရစ်ဖင်ဖော်မြူလာထဲ မြူမှုန်တစ်စလို လွင့်ကျခဲ့ပေါ့။ ။

၂၀၁၂၊ ဗယ်လင်တိုင်းနေ့၊ ဖူးခက်ကမ်းခြေ။

mgyoe.com

mgyoe.com

# အတိတ်သမိုင်းဆိုင်ရာ ဝါကျအချို့

ရန်ကုန်ရဲ့
ဘယ်ခေတ်ကြိုးတန်းပေါ်မဆို ခိုများ…

အချစ်နဲ့ အမုန်းတို့ရဲ့
ဖြစ်စဉ်ဟာ ကွက်တိ

သတင်းစာနဲ့ ဂျာနယ် စာစောင်များ
လမ်းဘေး ထမင်းကြော်ဆိုင် အသုပ်ဆိုင်များ

မနက်ဖြန် သန်ဘက်ခါဆိုရင် ဒီမိုကရေစီတွေ
လုံလုံလောက်လောက် ရနေလောက်ပြီပေါ့

ရတ်တရက်ဆိုသလို သီချင်းဆိုဖို့အကြောင်း
ဖန်လာ အစီရင်ခံစာတင်ရမယ့် အကျပ်ပေါ်လာ

သိုးဆောင်းစကားပုံများလို ဘဝက စနစ်တကျနဲ့
နံ့ရုံတွေကို ငေးမော မှင်တက်ရင်း စာကြောင်းများ။ ။

mgyoe.com

mgyoe.com



# နက်ပြာရောင်လည်စီးအတို

ငနဲက ပခုံးတစ်ဖက် သိသိသာသာနိမ့်သလို
ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကလည်း တစ်ခြမ်းနိမ့်လို့၊

အရေးကြီးတဲ့ ဖိုင်တွဲများဟာ အမြဲတမ်းလိုလို
ကျပ်ခိုးအလိမ်းလိမ်းနဲ့ တာဝန်တွေ ကျေပွန်နေဆဲ

ငါတို့ဟာ ဒီနာမည်တွေကို လမ်းပေါ်အနှံ့ကနေ
လိုက်ကောက်ခဲ့တာ၊ အသာလေး အလစ်သုတ်ခဲ့တာ၊

ပြိုင်ကားပေါ်က အာသာဝတီ နွယ်နီနတ်ပန်းရေ
မြို့တော်ထဲ ခိုချေးတွေနဲ့ နံဟောင်နေခဲ့ပြီပေါ့၊

မိတ်လိုက်နေတုန်း လူမြင်ရင် ရန်မူတတ်တဲ့ တိရစ္ဆာန်
ပန်ကာဒလက်ပေါ်က ဆေးကွက်နေတဲ့ နေရာတစ်ခု

ရထားဆိုက်ဆိုက်ချင်း နားဆီသို့ ကပ်ကာ တိုးတိုးလေး
"မောင်…ဘယ်တော့မှ ချဉ်ဖတ်တွေ မစားနဲ့တော့နော်…"

ငနဲက ခန်းမအလယ်နားလောက်မှာ မတ်မတ်ရပ်လို့
သူ့လက်တွေက Necktie ကို ခဏခဏစမ်းလို့။ ။

mgyoe.com

 mgyoe.com

# ဆိုင်းဘုတ်ဒ်များ

ငါရောက်သွားတယ်
ဆိုင်းဘုတ်ဒ်ဖတ်လိုက်တော့
ကောင်းကင်ဘုံတဲ့

မယုံနိုင်တဲ့ စိတ်နဲ့ ခေါင်းကို
သွက်သွက်ခါယမ်းလိုက်တယ်
ဆိုင်းဘုတ်ဒ်က ပြောင်းသွားတယ်
ငရဲပြည်တဲ့

ကားနံပါတ်ပြား ရေးတဲ့ ငတိကို
လူ့ဘုံခန်းဝါလို့ စာစီရေးခိုင်းလိုက်တယ်

ဆေးမခြောက်သေးခင်မှာပဲ လေနဲ့ပြည့်
ဖောင်းနေတဲ့ မာရီလင်ရဲ့ ဂါဝန်အောက်
ရောက်သွားရဲ့ သူ့အတွင်းခံဘောင်းဘီ
ပေါ်က 'အောင်မြင်မှု' ဆိုတဲ့ စာသားကို
မနည်းဘဲ စာလုံးပေါင်းပြီး ဖတ်ခဲ့ရပေါ့။ ။

mgyoe.com

mgyoe.com



## ပျော်စရာ ကုတ်ခြစ်ရာများ

အသက်က ဘယ်သူဆွဲဆန့်ထားလို့
ဒီလောက် ရှည်နေရတာလဲ။

ကြိုးတန်းလန်းနဲ့
ထမင်းစားပွဲပေါ်က ဟင်းရံများရဲ့
အနံ့စူးစူး…

ငါ့ခြေအိတ်ကို ဖာပေးပါ
ငါ့ဝက်ခြံကို ညှစ်ပေးပါ။

မြစ်ဟာ ကောင်းကင်ဆီ စီးနေတာ
ကြယ်တွေဟာ အပ်ပေါက်ရာတွေ
မနက်ဖန်ပြောပြမယ့် ပုံပြင်အတွက်
ဒီကနေ့ ထည့်ထားတဲ့ အာစေး။

ပျော်စရာက
အင်္ကျီအသစ် ဘောင်းဘီအသစ်နဲ့
အရောင်က နတ်ဆိုးများရဲ့ ကျိန်စာအရောင်။ ။

mgyoe.com

 mgyoe.com

# မှောက်ထားသော ဖဲချပ်

အစက်အပြောက်များ ထောင့်ချိုးအချွန်များ
ဆူဆူညံညံဖြစ်နေတဲ့ အသံရဲ့ အပူချိန်ဒီဂရီ၊

မိုးတဖြောက်ဖြောက်က အခန်းထဲအထိ ဒါမှမဟုတ်
ကိုယ်ခန္ဓာရဲ့ အတွင်းထဲအထိ မရောက်နိုင်ခဲ့ဘူး။

ကျရှုံးမှုများရဲ့ E minor cord ထဲမှာ
ဖြုလျော့သော အကြည့်များ…

ချစ်သူနဲ့ နှုတ်ဆက်စကား (အချိန်လုပြောရ)
တစ်ညနေလုံး ငေးမောမြောမေ့နေခဲ့ခြင်းမှာ

မင့်ညာဘက်လက်ကလေးကိုသာ ဆာလောင်ခဲ့တယ်
မျှော်လင့်ခြင်းပန်းခင်းက မင့်နှုတ်ခမ်းပေါ်မှာပေါ့။

ဘယ်လိုမှ မပျော်မွေ့နိုင်တဲ့ ဟောဒီညထဲကို
ပန်းပွင့်အကြီးကြီးတစ်ပွင့် ထိုးစိုက်လိုက်တယ်

အဲဒီဖဲချပ်ဟာ ဖဲထုပ်ထဲမှာ နဂိုကတည်းက
လုံးဝ (လုံးဝ) ပါမလာခဲ့ဘူး။ ။

mgyoe.com

mgyoe.com



## ဝရန်တာကနေ ခုန်ချလိုက်တယ်

ပလတ်စတစ်ခွေးခြေခုံပေါ်ကနေ
ထိုင်ကြည့်နေရင်း မြင်လိုက်ရတာ

အရက်ဖန်ခွက်မှာ
ချွေးတွေ သီးနေတယ်

အိပ်မက်က
အတောင့်လိုက်ကြီး

မီးဖိုပေါ်မှာ မှိုင်းဝနေတဲ့
ကရားအိုးဟာ ပွက်ပွက်ဆူလို့

"အေးပါကွာ..."
"ငါစဉ်းစားပါ့မယ်"

ပန်ကာလေကြောင့်
ပြက္ခဒိန်စာရွက်ဟာ တဖျတ်ဖျတ်

ပူလောင်အိုက်စပ်ခြင်းဟာ
စာသား text တစ်ခု မဟုတ်ဘူး

ဝရန်တာကနေ ခုန်ချလိုက်တယ်။ ။

mgyoe.com

 mgyoe.com

# မှောင်နေသော သော့

အရိပ်တစ်ခုခုကို မြင်ရလျှင်
ဖြစ်နေကျအတိုင်း ပြီးတော့ ပြောနေကျအတိုင်း

သူ့ရဲ့ကောင်းတို့ လျှောက်သောလမ်း
ထို့နောက် သူ့ရဲ့ဘောကြောင်သူတစ်ယောက်

ပြီးတော့ သူ့ရဲ့ဘောကြောင်သူနှစ်ယောက်
ထို့ထက်ပို၍ သူ့ရဲ့ဘောကြောင်သူ အရာအထောင်

လမ်းကလေးအတိုင်း ကျရောက်နေတဲ့ လရောင်ခြည်
(ဝမ်းနည်းဖွယ်) သူမ၏ ကတိမှာ မှောင်ရိပ်ကျမြဲကျနေလျက်

ချိန်းဆိုထားသော မပျက်မကွက်ဟူသည်များရဲ့ အဆင်အကွက်
မရှိတော့ခြင်းတွေအတွက် ထူး၍လည်း ဝမ်းမနည်းနိုင်ပြီတည်း။ ။

mgyoe.com

mgyoe.com



**မိမ္ဘာ**

ညက
သေနေဆဲ

အရိပ်များ
ရှင်သန်လှုပ်ရှား

မိုးပေါက်များ
ရေအိုင်များ

ညက
သေနေဆဲ

ခေတ်ကို
ဆဲရေးတိုင်းထွာလိုက်တယ်

mgyoe.com

mgyoe.com

ဖန်ထူရေကန်ထဲ
ငါးတွေနဲ့အပြည့်

ညက
သေနေဆဲ

တကယ်တော့
ကျုပ်အပြစ်ပါဗျာ

ပုံတူကျောက်ရုပ်တုတွေ
ပင်စီယို ပန်းခြံဘက်မှာ။ ။

mgyoe.com

mgyoe.com



## ရှိုးရှိုးတန်းတန်း ဒိန်ခဲ

မြေခွေးရဲ့
ခေါင်းပေါ်က
ဒိန်ခဲ

ဉာဏ်နည်းသူရဲ့
ခေါင်းပေါ်က
ဒိန်ခဲ

စစ်တုရင်ချန်ပီယံရဲ့
ခေါင်းပေါ်က
ဒိန်ခဲ

ရက်စက်ကြမ်းကြုတ်သူ
စစ်ဘုရင်ကြီးရဲ့ခေါင်းပေါ်က
ဒိန်ခဲ

ဆံပင်ဖားလျားမိန်းမရဲ့
ခေါင်းပေါ်က
ဒိန်ခဲ

စာမတတ်သူရဲ့
ခေါင်းပေါ်က
ဒိန်ခဲ

mgyoe.com

mgyoe.com

မက်သယူးရဲ့
ခေါင်းပေါ်က
ဒိန်ခဲ

မိသိန်းကြည်ရဲ့
ခေါင်းပေါ်က
ဒိန်ခဲ

အဲဒီ
ဒိန်ခဲ

ဟုတ်တယ်
အဲဒီ
ဒိန်ခဲကိုပဲ ပြောတာပါ။ ။

mgyoe.com

mgyoe.com



# ရွှေးခေတ်တုန်းက ကြက်ဥဖောက်စက်

အပူငွေ့ပေးထားတဲ့
(ရေနံဆီမီးခွက်နဲ့ အပူပေး
ရတဲ့ ကြက်ဥဖောက်စက်)
မှန်အကန့်ရဲ့ နောက်မှာ
ကြက်ပေါက်စလေးတွေ
ကြက်ပေါက်စလေးတွေ

ငါတို့ဘဝလည်း ပေါက်စလေးပဲ
ငါတို့ဘဝလည်း ပေါက်စလေးပဲ
ငါ့ညီမ အိမ်နာမည်ကလည်း ပေါက်စ
ငါ့ညီမ အိမ်နာမည်ကလည်း ပေါက်စ

အဲဒီအချိန်ကနေ ရေတွက်ရင်
နှစ်ပေါင်း ၅၀ ကျော်ကျော်
ခေတ်တွေ ပြောင်းခဲ့
ဘဝရဲ့ အဖြစ်အပျက်တွေ ပြောင်းခဲ့
ကြက်ပေါက်စလေးတွေလည်း
သက်တမ်းတိုတိုနဲ့ ဘဝပြောင်းသွားခဲ့
ငါတို့က သူတို့ထက် သက်တမ်းရှည်လို့
ခုထိ မသေသေးဘူး
ဘဝတွေတော့ ပြောင်းခဲ့ပြီ

mgyoe.com

mgyoe.com

ကြက်ပေါက်စလေးတွေကို
အသည်းတယားယားနဲ့ ငေးကြည့်ခဲ့တဲ့
ကောင်လေးတစ်ယောက်ဟာ
အခုတော့ အဘိုးကြီးပေါက်စတစ်ယောက်ပေါ့လေ

အပူငွေ့ပေးထားတဲ့
မှန်အကန့်ရဲ့ နောက်မှာ
အရာရာဟာ ဖြစ်ပျက်သွားခဲ့တယ်။

အဲဒီနောက်
နှစ်ပေါင်း ၅၀ ကျော်ကြာခဲ့ပေါ့

ငါလည်း
ဒီကဗျာကို ရေးမိပေါ့။ ။

mgyoe.com

mgyoe.com



## ကိုယ်ဟာ ပင်လယ်ဆီကို ဆားအတွက်နဲ့ မသွားခဲ့ဖူး

ပင်လယ်ရေဟာ ငန်တယ်တဲ့
ယုံတမ်းပုံပြင်တစ်ပုဒ်မှာ ဆားထုတ်လုပ်စက်တင်ထားတဲ့
သင်္ဘောတစ်စင်း မှောက်ကျရာက ပင်လယ်ရေအောက်မှာ
ဆားစက်က ဆားတွေ အဆက်မပြတ် ထုတ်လုပ်နေတာမို့
ပင်လယ်ရေတွေဟာ ငန်နေရတာတဲ့
သူပြောတာ ယုတ္တိယုတ္တာရှိသလိုလို
သိပ္ပံနည်းကျသလိုလို အဲဒီလို မဟုတ်ဘူးလား
နို့ဒါဖြင့် ဆားစက်ပါတဲ့ သင်္ဘောမမှောက်ဘဲ
ပင်လယ်ရေတွေက ဘာလို့ ငန်ကျိနေရပါလိမ့်
အဲဒီငန်ကျိနေတဲ့ ပင်လယ်ရေတွေကိုပဲ ကန်ငယ်တွေဖွဲ့
နေလှန်းရင်း နေလှန်းဆားလို့ ဖြစ်လာတယ်တဲ့
နေလှန်းဆားကနေ ဆားကြမ်း ဆားချော ပြီးတော့
အိုင်အိုဒင်းဆားဆိုလား အဲလိုတွေ အဆင့်ဆင့်

mgyoe.com

mgyoe.com

ဒါမှမဟုတ်လည်း အဲလိုတွေ အကွဲကွဲအပြားပြား
ဒါမှမဟုတ်လည်း အဲလိုတွေ အလွဲလွဲအမှားမှား
ဒါမှမဟုတ်လည်း အဲလိုတွေ အခွဲခွဲအခြားခြား
ဆားတွေ ဆားတွေ ဆားတွေ ဆားတွေလေ
ပဲခူးက ဆားထွက် မထွက်တော့ မသိဘူး
ပဲခူးဆားဆိုတာကလည်း ဆိုရိုးစကား တစ်ခုဖြစ်လေတော့ကာ
ဘယ်ကမ်းခြေက ဘယ်ဆား ဘယ်လိုပြားလို့ ဘယ်လိုမတူ
ဒါပေမဲ့ ပင်လယ်နဲ့ ဆားဟာ အမြဲတတွဲတွဲတော့ ဖြစ်ချင်မှ
ဖြစ်မှာပေါ့လေ။ လူတွေ ကမြင်းကြောထ ကောင်းအောင်
အဆင့်မြှင့်ထားတဲ့ ပင်လယ်ကမ်းခြေတွေမှာတော့ ပင်လယ်ကနေ
ဆားဖြစ်တယ်ဆိုတာကို အသံလုံအောင် ထိန်းထားသလို
ဘယ်သူမှ ဒါကို ခေါင်းထဲ မထည့်မိကြဘူး ဆားလိုရင်
ရက်စ်ထောရင့်မှာ ဘွိုင်ကို ခေါ်ပြီး ဆားဘူးပေးစမ်းကွာလို့
တောင်းလိုက်ရုံပဲ ဆားကလည်း ပင်လယ်ကမ်းခြေအပန်းဖြေဖို့ လာသူတွေ
ကြားမှာ သိပ်ပြီး မရှိမဖြစ်တော့ မဟုတ်ပါဘူးလေ ဆားထုပ်ကို ရှေ့ထုပ်လို

mgyoe.com

mgyoe.com



သဘောထားပြီး ရင်ဝယ်သားကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ရတဲ့ ချင်းနဲ့ နာဂဒေသက လွင့်လာတဲ့ ပြောစမှတ်ပြုခံ အကြောင်းတွေကိုတော့ မယုံရင် ပုံပြင်လို့ပဲ မှတ်လိုက်ပါတော့လေ ပေါ့ပေါ့ပါးပါး ဆားအကြောင်း ဆားဗဟုသုတ ဆားမပါရင် ဟင်းမဖြစ် ဆားဟာ သူ့ရင်းမြစ်ဒေသကို မေ့ရှာပြီလား ဆားက ဆားကို ရှာမရတော့ဘူးလား ငါဆိုတဲ့အကောင် ကလည်း အတော့်ကို လျှာရှည်တဲ့ကောင်ပဲ ဟိုနေ့က ရေးပင်လယ်ဝမှာ နေလင်းထက်နဲ့ ထိုင်ခဲ့တာလေး အရသာရှိလိုက်တာ။ ငါးပေါက်စီနဲ့ ပုစွန်ကင်လေး ကောင်းလိုက်တာ တစ်သက်မမေ့စရာလို့ ရိုးရိုးပြောလိုက် လည်း ရသားနဲ့ မိကျောင်းသားလုပ်နေလိုက်တာဆိုတာ အဲ အဲဒီနေ့က ပင်လယ်ဆီ ငါဘာသွားလုပ်ခဲ့တာပါလိမ့်၊ မသွားလည်း ရရဲ့သားနဲ့!! ။ ။

mgyoe.com

mgyoe.com


# ဝေါ်မှတ်တမ်းချင်း

သိစိတ်ရဲ့ ထုံကျဉ်မှုထဲ
လောင်းမိလျက်သား သေရည်
ရီဝေမှုဟာ နတ်စည်းစိမ်က ချော်ထွက်ခဲ့
အသံများ၊ အရောင်များ၊ အရိပ်များနဲ့
ပျော့သော မာသော နူးညံ့သော အရာဝတ္ထုများ
မှိန်ပျပျ ၂၀၁၁/၂၀၁၂/၂၀၁၃ များ
(စကားများ) စာသားများ ကဗျာ (ဟုဆိုသည်) များ
သဘာဝအလျောက် ပျဉ်းတွဲချိုမြိန်သစ်သီးများ
အုံ့မှိုင်းမိုးတိမ်နဲ့ နွေများ၊ ဒီ့နောက်
နေကျဲကျဲတောက်ပူ မိုးနေ့များ
ပြီးတော့၊ ပပ်ကြားအက်ဆောင်းများ
ပန်းများနဲ့ ကာလပြပဟိုဋ္ဌကျများ…

အဲဒီမသေမရှင်နေ့တွေမှာ
အချစ်ကို အက်ကွဲသော နှုတ်ခမ်းများနဲ့။ ။

mgyoe.com

mgyoe.com

# ရော့ခ်ကိုရဲ့အဝါရောင်

mgyoe.com

mgyoe.com

# နေ့ရိုရို

အလင်းက
သူ့ကိုယ်သူ ဘာအရောင်လို့ ပြောမလဲ

မိုးကုပ်စက်ဝိုင်းဟာ ကွန်ပါအချွန်နဲ့
ထောက်ပြီး ဆွဲဝိုင်းထားသလို တိကျလှတယ်

နေလုံးဟာ အနောက်ဂေါ်ယာကျွန်းမှာ
မေးတင်နေခဲ့ပါပြီ

ပြန့်ထွက်သွားတဲ့ မခေါ်တတ်တဲ့ အရောင်တွေထဲ
ဝန်းစက်လုံးဝိုင်းလွန်းလှတဲ့ သွေးနီရောင်အလုံးကြီး

ငေးရီနေတဲ့ လူသားတစ်ဦးရဲ့ သဏ္ဍာန်ဟာ
ဝရန်တာအစွန်းတစ်ခုမှာ ငြိမ်သက်နေခဲ့တယ်။ ။

mgyoe.com

mgyoe.com



## ငါ့မှာ သစ်တောက်ငှက်ရှိတယ်

ပြီးတော့ ငါ့မှာ ကတ်ကြေးတစ်လက်ရှိတယ်
ဘယ်တော့မှ မပြည့်နိုင်တဲ့ စုဘူးတစ်လုံးရှိတယ်
မဖတ်တတ်တဲ့ စာလုံးတွေနဲ့ ကတ်ပြားတစ်ချပ်ရယ်
ခေါင်းပုဝင်နေတဲ့ လိပ်ကောင်လေးရယ် အနားဖွာ
နေတဲ့ ကလေးဘဝက စောင်၊ မှော်ဓာတ်အပြည့်နဲ့
အင်ကြင်းကျောက်တုံးကလေးတစ်တုံး အဲဒါတွေ ရှိတယ်။

ပြီးတော့
ငါ့မှာ သစ်တောက်ငှက်ရှိတယ်။ ။

mgyoe.com

mgyoe.com

# ဆောင်းအမိ

ကလပ်စစ်ကယ်လ်
တယောထိုးသံဟာ
အပ်ဖျားတစ်ထောက် အရေပြားပေါ်မှာ
လူးလာပြေးဆော့နေတယ်။

ပိတောက်ပန်းရဲ့ အဝါရောင်ဟာ
ရုတ်ခြည်းပြာကျသွားခဲ့ပေ့ါ။ ။

mgyoe.com

mgyoe.com



## လိမ္မော်သီး ၃ လုံး

မာရှယ်ဒူးချွန့်ဆိုတဲ့ ကောင်ကွာ
တော်တော့်ကို ရှုပ်တဲ့ လူပဲ

ဘလက်ခ်ရှီး ၂ ခွက် မကုန်သေးဘူး
ရှူရှူး ၃ ခါတောင် ပေါက်ရတယ်

ယိုးဒယားပျားလိမ္မော် အရွယ်မရှိ တရှိ
ပရုတ်လုံးတွေ သေးပေါက်ခွက်ထဲမှာ။ ။

mgyoe.com

mgyoe.com

# မြသစ္စာ မိုဘိုင်းလ်

လှေကားထစ်များရဲ့ ကွေ့ဝိုက်မှု
နှင်းတွေဟာ ပိုမိုသိပ်သည်းလာလို့
လမ်းရဲ့ လည်စင်းပေးမှု အထိအတွေ့မှာ
ညဟာ မျက်စိလည် လမ်းမှားရရှာတယ်
ဖြတ်သန်းသွားတဲ့ အသက်ရှူရှိုက်မှုခများ
မှင်တက်ငေးမောရင်း အိပ်မွေ့ချခံရ
ဘဝဉ္ဈ နေထိုင်ခြင်းမှာ ရေကျသံလိုအပ်
ဝရန်တာမှာ လရောင်ဟာ ချဉ်းကပ်ခဲ့ပြီ။ ။

mgyoe.com

mgyoe.com



## အသေးစိတ် နာကျင်မှု ၂၈၅ မိုင်

အေးစက်စက် ဆံထိုး စိုက်မြှုပ်ထားတဲ့
ညရဲ့ ဖြန့်ထားတဲ့ တောင်ပံအဖျားနားမှာ
ဒဏ်ရာ တင်းစေ့နှုတ်ခမ်းနဲ့ ဖျတ်ခနဲ
အလင်းစ ပြိုကွဲလုလု ပူပန်မှုအက်ဆစ်
ပူဖောင်း ဝေလငါးရဲ့ ငြိမ်သက်မှုအတု
ပြေးလမ်းပေါ် အိပ်မပျော်တဲ့ အတ္တဘော။ ။

mgyoe.com

mgyoe.com

# ကဗျာ

မှောင်နေတဲ့ လမ်းကလေးဘက်ဆီ ဖဲ့ဆင်းခဲ့တယ်
တဝေါဝေါ ဖြတ်မောင်းသွားတဲ့ ကားတွေကို လင်းထိန်
နေတဲ့ ဓာတ်မီးတိုင်တွေ အောက်မှာ ထားခဲ့ပြီ ချုံပင်အုပ်အုပ်
တွေကြား ခြေလျင်လမ်းကလေးအတိုင်း ကျောက်စရစ်ခဲလုံး
လေးတွေပေါ်ကို နင်းလျှောက်လို့ ခဏနေရင် တောအုပ်လိုလို
သစ်ပင်ထူထပ်တဲ့ အရပ်ကို ဖြတ်သွားရတော့မယ် လရောင်
ရှိချင်လည်း ရှိမယ် ကြယ်ရောင်ပြိုးပြက်လောက်တော့ ထည့်
တွက်နိုင်မှာပါ ကိုယ်ဟာ ချော်လဲမသွားအောင် ခြေလှမ်းတွေ
ကို သတိချပ် ထိန်းရင်း အဲဒီလမ်းကလေးအတိုင်း လျှောက်ခဲ့တာ
၁၉၈၀ များမှ ၂၀၁၀ များအထိ ဘဝဟာ ရေညှိတွေနဲ့ စိုထိုင်းလို့
အမြဲတွေးတောနေမိတဲ့ ဒဿနဟာ ကဗျာအပြင် ဘာမှမရှိဘူးလို့ပဲ။ ။

mgyoe.com

mgyoe.com



## ပန်းတွေနဲ့အတူ

အလွမ်းက ခြေသလုံးအိမ်တိုင်
လက်ထဲမှာ သေနတ်တစ်လက် မရှိလေခြင်း
သွားပိုးစားတဲ့ အိပ်မက်မို့ အထာကျတယ်
မော်တော်ဆိုင်ကယ်ကို ရောင်းလိုက်တယ်
ကြက်ဥအကာက အလုပ်ဖြစ်တယ်
အချစ်ရေ လိပ်စာပျောက်နေလို့
မွေးရာပါအသိနဲ့ ကိုယ်ဖော့ပညာ
ရဲရဲတောက်ပွင့်နေကြတဲ့ ဂျရေနီယာန်…။ ။

mgyoe.com